# ကျွန်ုပ်တို့ ဆုတောင်းသောအခါ

ဆုတောင်းခြင်းဆိုသည်မှာ ဘုရားသခင်နှင့် မိဿဟာယဖွဲ့ခြင်း(ဝါ) အပြန်အလှန်စကားပြောခြင်းဖြစ်သည်။ ၎င်းတွင် ကျွန်ုပ်တို့၌လိုအပ်သောအရာများကို တောင်းလျှောက်ခြင်းလည်းပါဝင်သည်။ ဆုတောင်းပဌနာပြုခြင်းအားဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏ စိတ်နှလုံးတော်ကို တို့ထိခြင်းဖြစ်သည်။ ထိုအခါ ကိုယ်တော်သည် သူ၏လက်တော်ကို ဆန့်တန်းလျက် တန်ခိုးတော်အားဖြင့် ကျွန်ုပ်တို့ ရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာအခက်အခဲတို့ကို ဖြေရှင်းပေးတော်မူသည်။ သည်အကြောင်းနဲ့ပတ်သက်ပြီး သမ္မာကျမ်းစာ၌ ဖော်ပြထားသည့် သက်သေ၊ သာဓကအချို့ကို ကောက်နှုတ်ဖော်ပြပါမည်။

## ၁။ **အနာရောဂါငြိမ်းခြင်း**

''အာဗြဟံသည်လည်း ဘုရားသခင်ကို ဆုတောင်း၍ ဘုရားသခင်သည် အဘိမလက်မင်းနှင့် သူ၏မယား၊ သူ၏ကျွန်မတို့ကို အနာပျောက်စေတော်မူသဖြင့် သူတို့သည် သားကိုဘွားမြင်ကြ၏''(ကမ္ဘာ ၂၀း၁၇)။

မိရိအံ၏ နူနာရောဂါကို ပျောက်ကင်းစေဖို့ရန် အတွက် မောရှေက ''အိုဘုရားသခင် သူ၏အနာကိုပျောက်စေတော်မူပါ။ အကျွန်ုပ်တောင်းပန်ပါ၏'' ဟုထာဝရဘုရားအား အော်ဟစ်သည့်အခါ ဘုရားသခင်က ပျောက်ကင်းချမ်းသာခွင့်ကိုပေးပါသည် (တော ၁၂း၁၃–၁၅)။

## ၂။ **မှန်ကန်သော ဘဝကြင်ဖော်ကိုရရှိခြင်း**

ဣဇက်အတွက် မှန်ကန်သော ဘဝကြင်ဖော်ကို ရရှိဖို့ရန်အတွက် အဗြဟံ၏ ကျွန်သည် တိကျစွာဆုတောင်းခဲ့သည်။ ထိုဆုတောင်းချက်ကို ဘုရားသခင် နားညောင်းတော်မူသောကြောင့် သတို့သမီး ရေဗက္ကာကိုရရှိခဲ့ပါသည် (ကမ္ဘာ ၂၄း၁၂– ၁၄၊ ၆၆–၆၇)။

## ၃။ **သား၊ သမီးမွေးဖွါးခြင်း**

ဣဇက်သည် မိမိမယား ရေဗက္ကာမြုံသောကြောင့် ထာဝရဘုရားကိုတောင်းပန်သည့်အခါ ထာဝရဘုရားနားထောင်တော်မူသဖြင့် သူမ၏မယားသည် ပဋိသန္ဓေစွဲယူနိုင်လေသည် (ကမ္ဘာ ၂၅း၂၁)။

ဟန္နသည် ညှိုးငယ်သော စိတ်နှင့်ထ၍ မျက်ရည်များစွာကျလျက် ထာဝရဘုရားကို ဆုတောင်းသည်မှာ ''အို ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား၊ ကိုယ်တော် ကျွန်မ၏ ဆင်းရဲခြင်းကိုကြည့်ရှုအောက်မေ့သဖြင့် သားယောက်ျားကိုပေးသနားတော်မူလျှင် သူ၏ဆံပင်ရိတ်ခြင်းကို အလျှင်းမပြု။ တသက်လုံး ထာဝရဘုရား၏ကျွန် ဖြစ်စေခြင်းငှာ ကျွန်မအပ်ပါမည်ဟု သစ္စာကတိပြုပါသည် (၁ ရာ ၁း၁၁)။

၎င်းနောက် ဧလကာနသည် မိမိမယား ဟန္နနှင့် ဆက်ဆံသည့်အခါ ထာဝရဘုရားအောက်မေ့တော်မူသဖြင့် ဟန္နသည် ပဋိသန္ဓေစွဲယူ၍ ကာလအချိန်စေ့သောအခါ သားယောက်ျားကိုဖွါးမြင်

ပါသည်။ ထိုသားကို ထာဝရဘုရားထံ၌ ဆုတောင်းသောကြောင့် ရှမွေလအမည်ဖြင့် မှည့်လေသည် (၁ ရာ ၁း၁၉–၂၀)။

### ၄။ **ဆင်းရဲခြင်းမှလွတ်မြောက်၍ ချမ်းသာကြွယ်ဝခြင်း။**

ဆင်းရဲနွံ့ချာလှသော ယာဗက်က ''ကိုယ်တော်သည် အကျွန်ုပ်ကိုအစဉ်ကောင်းကြီးပေး၍ အကျွန်ုပ်နေရာကို ကျယ်ဝန်းစေတော်မူပါ။ အကျွန်ုပ်သည် ဘေးဥပဒ်၊ အနှောင့်အယှက်နှင့်ကင်း လွတ်ပါမည့်အကြောင်း လက်တော်သည် အကျွန်ုပ်ဘက်၌နေ၍ ကွယ်ကာစောင့်မတော်မူပါဟု ဣသရေလအမျိုး၏ ဘုရားသခင်အား ဆုတောင်းတတ်၍ တောင်းသောဆုကို ဘုရားသခင်ပေးသနားတော်မူပါသည် (၅ ရာ ၄ း၁၀)။

### ၅။ **စစ်ပွဲ၌ အနိုင်ရရှိခြင်း**



ယုဒရှင်ဘုရင် ယောရှဖတ်လက်ထက်၌ မောဘအမျိုးသား၊ အမ္မုန်အမျိုးသားတို့သည် ဧဒုံအမျိုးသား အချို့နှင့်တကွ ယောရှဖတ်ကို စစ်တိုက်မည်ဟု ချီလာကြ၏။ (၆ ရာ ၂၀း၁) ယောရှဖတ်က ''အိုအကျွန်ုပ်တို့ဘုရားသခင် အကျွန်ုပ်တို့ကို တိုက်အံ့သောငှာလာသော ဤအလုံးအရင်းကြီးကို အကျွန်ုပ်တို့သည် ဆီးတားခြင်းငှာ မတတ်နိုင်ပါ။ အဘယ်သို့ပြုရမည်ကို မသိပါ။ ကိုယ်တော်ကိုသာမျှော်ကြည့်လျက် နေကြပါသည်'' ဟု ဆုတောင်းခဲ့သည်။ ဆုတောင်းခြင်း၏ အဖြေကား အံ့သြစရာကောင်းလှသည်။ ရန်သူတို့သည် အချင်းချင်း တစ်ယောက်ကို တစ်ယောက် တိုက်ခိုက်၍ မြေပေါ်မှာလဲသော အသေကောင်ဖြစ်ကြ၏ (၆ ရာ ၂၀ း၂၃–၂၄)။

### ၆။ **နက်နဲသောအရာများကိုဖွင့်ပြခံရခြင်း။**

နေဗုခဒ်နေဇာမင်းကြီး၏ အိပ်မက်အနက်ကိုဖွင့်ပြနိုင်ဖို့ရန်အတွက် ဒံယေလက သူ၏အပေါင်းအဖော် ဟာနနိ၊ မိရှေလ နှင့် အာဇရိတို့အား ''ဘုရားသခင်ထံ ဆုတောင်းသံကို ဘုရားသခင်နားညောင်းတော်မူ၍ ညအခါ ဗျာဒိတ်တော်အားဖြင့် ထိုနက်နဲသောအရာကို ဒံယေလအား ဖွင့်ပြခဲ့ပါသည် (ဒံ ၂း၁၉)။

### ၇။ **ပြိုပျက်ရာကိုပြုပြင်တည်ဆောက်နိုင်ခြင်း**

အာတဇေရဇ် မင်းကြီးလက်ထက်၌ နေဟမိ သည် ရှုရှန်နန်းတော်၌ ရှိနေစဉ်အခါ ''ယေရုရှလင်မြို့ရိုးသည် ပြိုပျက်လျက်၊ မြို့တံခါးလည်း မီးလောင်၍ကုန်ပြီ'' ဟူသော သတင်းကိုကြားရလေသည်။ ထိုအခါ နေဟမိသည် အင်တန်ကာလပတ်လုံး ငိုကြွေးမြည်တမ်းလျက် အစာရှောင်

လျက်နေ၍ ယေရုရှလင်မြို့ကို ပြုပြင်နိုင်မည့် အကြောင်း၊ ဘုရားသခင်ထံဆုတောင်း ပဌနာပြုခဲ့သည်။

ဘုရားသခင်သည် အာတဇေရဇ်မင်းကြီး၏ စိတ်နှလုံးကို တို့ထိစေတော်မူသောကြောင့် နေဟမိအား ယေရုရှလင်မြို့ရိုးကို ပြန်လည် တည်ဆောက်ဖို့အခွင့် ပေးခဲ့ပါသည် (နေဟမိ အခန်းကြီး ၁၊ ၂)။

## ၈။ **အကျဉ်းထောင်မှလွတ်မြောက်ခြင်း။**

ပေတရုသည် ထောင်ထဲ၌ အကျဉ်းကျနေစဉ် သင်းဝင်သူတို့သည် သူ့အဘို့ ကြိုးစား၍ ဆုတောင်းပဌနာပြုကြသည်။ (တမန် ၁၂း၅) ၎င်းတို့၏ဆုတောင်းသံကို ဘုရားသခင်နားညောင်းတော်မူသောကြောင့် ကောင်းကင်တမန်ကိုစေလွှတ်ပြီး ပေတရုအား အကျဉ်းထောင်မှ လွတ်မြောက်စေခဲ့ပါသည် (တမန် ၁၂း၁၁)။

ပေါလုနှင့် သိလ တို့သည်လည်း ထောင်၌အကျဉ်းကျခံရစဉ် သန်းခေါင်အချိန်၌ ပဌနာပြု ၍ ချီးမွမ်းလျက်သီချင်းဆိုသည့်အတွက်ကြောင့် နောက်တစ်နေ့နံနက်တွင် ထောင်မှလွတ်မြောက်စေခဲ့ပါသည် (တမန် ၂၅း၃၅)။

## ၉။ **နိမိတ်လက္ခဏာများမြင်တွေ့ရခြင်း**

ဧလိယသည် ကျွန်ုပ်တို့ကဲ့သို့ လောကဓံတရား၌ ကျင်လည်သောသူဖြစ်သော်လည်း မိုးမရွာမည့်အကြောင်း အထူးသဖြင့် ဆုတောင်းသည့်အခါ သုံးနှစ်နှင့် ခြောက်လပတ်လုံး မြေပေါ်သို့ မိုးမရွာဘဲနေခဲ့သည်။ တဖန်ဆုတောင်းသည့်အခါ မိုးကောင်းကင်သည် မိုးရွာစေပြီ။ မြေကြီးသည်လည်း မိမိအသီးကိုသီးလေသည် (ယာကုပ် ၅း၁၇–၁၈)။

## **နိဂုံး**

ချစ်သောမိတ်ဆွေ ... ကျွန်ုပ်တို့အသက်တာ၊ မိသားစု၊ အသင်းတော် နှင့် တိုင်းနိုင်ငံ၌ ရင်ဆိုင် ကြုံတွေ့နေရသော မည်သည့်အကျပ်အတည်း၊ အခက်အခဲပြဿနာကိုမဆို ဖြေရှင်းပေးနိုင်သည့် တဆူတည်းသောအရှင် ထာဝရဘုရားသခင်ထံ စိတ်နှလုံးအကြွင်းမဲ့ဖြင့် ဆုတောင်းပဌနာပြုကြပါစို့။ ကိုယ်တော်သည် ကျွန်ုပ်တို့၏ ဆုတောင်းသံကိုနားညောင်းပြီး အဖြေပေးတော်မူမည် ဆိုတာသိပ်ကိုသေချာလှပါသည်။

''ယုံကြည်ခြင်းပါလျက် ပဌနာပြု၍ ဆုတောင်းသမျှတို့ကို သင်တို့သည်ရကြလိမ့်မည်ဟု မိန့်တော်မူ၏'' (မဿဲ ၂၁–၂၂)။

သိန်းသန်း

